# ရက်စက်ကြမ်းကြုတ်စွာကျူးလွန်သော ရာဇဝတ်မှုများအတွက် မြန်မာစစ်ဗိုလ်ချုပ်များအား ရာဇဝတ်မှုဆိုင်ရာ တိုင်ကြားစာအသစ် ဂျာမနီနိုင်ငံတွင် တင်သွင်းခဲ့ခြင်း

## ကမ္ဘာတလွှား တရားစီရင်ပိုင်ခွင့်ကို အသုံးပြုပြီး Fortify Rights နှင့် တိုင်းကြားသူ ၁၆ ဦးမှ ရိုဟင်ဂျာများအားလူမျိုးတုန်းသတ်ဖြတ်မှုနှင့် အာဏာသိမ်းခြင်းနှင့်ဆက်စပ်သည့် ရက်စက်ကြမ်းကြုတ်စွာ ကျူးလွန်သောရာဇဝတ်မှုများအတွက် တာဝန်ခံ တာဝန်ယူမှုရှိစေရန် တောင်းဆို

(ဘန်ကောက်၊ ဇန်နဝါရီလ ၂၄ ရက်နေ့၊ ၂၀၂၃ ခုနှစ်) - Fortify Rights နှင့် မြန်မာနိုင်ငံမှ တိုင်းကြားသူ ၁၆ ဦးက ဂျာမနီနိုင်ငံ ပြည်ထောင်စုအစိုးရ ရှေ့နေချုပ်ထံတွင် ကမ္ဘာတလွှား တရားစီရင်ပိုင်ခွင့်အရ အကြီးတန်း မြန်မာစစ်ဗိုလ်ချုပ်များနှင့် အခြားသူများအား လူမျိုးတုန်းသတ်ဖြတ်မှု၊ စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်မှုများအတွက် ပြစ်မှုဆိုင်ရာ တိုင်ကြားချက် အသစ်တစ်ခုကို တင်သွင်းခဲ့သည်ဟု Fortify Rights မှ ယနေ့တွင် ကြေငြာလိုက်ပါသည်။

စာမျက်နှာ ၂၁၅ မျက်နှာပါ တိုင်ကြားချက်နှင့် စာမျက်နှာ ၁၀၀၀ ကျော်ပါဝင်သော နောက်ဆက်တွဲ စာရွက်စာတမ်းများသည် ဖေဖေါ်ဝါရီလ ၁ ရက်နေ့ ၂၀၂၁ ခုနှစ်တွင် အာဏာသိမ်းခဲ့သော စစ်အစိုးရနှင့် ဆက်စပ်နေသည့် ရက်စက်ကြမ်းကြုတ်စွာ ကျူးလွန်သော ရာဇဝတ်မှုများ အပါအဝင် ရိုဟင်ဂျာများအား လူမျိုးတုန်း သတ်ဖြတ်မှုတို့တွင် တာဝန်ရှိသူများအား ဂျာမနီနိုင်ငံပြည်ထောင်စု အစိုးရရှေ့နေရုံးမှ စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်းတို့တွင် ပံ့ပိုးရန်အတွက် သက်သေခံ အထောက်အထားများကို တင်သွင်းထားပါသည်။

ဖေဖော်ဝါရီလ ၁ ရက်နေ့၊ ၂၀၂၃ သည် မြန်မာနိုင်ငံတွင် အသေပျောက်များလှသော အာဏာသိမ်းမှုနှင့် နှိပ်ကွပ်မှု၏ ဒုတိယနှစ်မြောက်နေ့ဖြစ်ပြီး၊ ဩဂုတ်လ ၂၀၂၂ ခုနှစ်သည် ရိုဟင်ဂျာ လူမျိုးများအပေါ်တွင် မြန်မာစစ်တပ်မှ ကမ်းကုန်အောင် ရက်စက်သော တိုက်ခိုက်မှုများ ကျူးလွန်ခဲ့မှုမှ ၅ နှစ်ပြည့်ဖြစ်ပါသည်။

United States
P.O. Box 110
Belfast, Maine, 04915
USA
+1 207 518 7983

Thailand
P.O. Box 56
Santisuk Post Office
Bangkok, Thailand 10113
+66 87 795 5454

Switzerland
78 Route de Florissant
CH 1206
Geneva

FORTIFY RIGHTS
#rights4all
fortifyrights.org
fortify.rights@fortifyrights.org

သို့သော်၊ ထိုဖြစ်စဉ် ၂ခု လုံး နှင့်ဆက်စပ်သည့် ရာဇဝတ်မှုများအတွက် တာဝန်ရှိသူများကို အရေးယူနိုင်ခြင်း မရှိသေးပါ။

"မြန်မာနိုင်ငံတဝှမ်းလုံးရှိ လူမျိုးစုအားဖြင့် မတူကွဲပြားပြီး စည်းလုံးညီညွတ်သည့် ကျူးလွန်မှုမှ လွတ်မြောက်လာသူများဟာ တရားမျှတမှုနှင့် တာဝန်ခံ တာဝန်ယူမှုတို့ကို ရယူဖို့ ဒီအမှုကို တိုင်ကြားခဲ့ကြပါတယ်" ဟု အမှုဆောင်အရာရှိချုပ်နှင့် Fortify Rights ကို ပူးတွဲတည်ထောင်သူ Matthew Smith က ပြောကြားခဲ့ပါသည်။ "နိုင်ငံတကာမှ အာရုံစိုက်မှုနှင့် လက်ရှိဆောင်ရွက်ဆဲ တာဝန်ခံမှုဆိုင်ရာ ကြိုးပမ်းမှု အများအပြားရှိနေသော်လည်း မြန်မာစစ်တပ်ဟာ အရေးယူမှုမှ အပြည့်အဝ ကင်းလွတ်ခွင့် ရရှိနေဆဲဖြစ်ပြီး၊ ဒီလိုကင်းလွတ်ခွင့် ရနေတာကို အဆုံးသတ်ရမှာ ဖြစ်ပါတယ်။ ဒီရာဇဝတ်မှုတွေကို အရေးမယူပဲ နေလို့မရပါဘူး။ ဂျာမနီနိုင်ငံရဲ့ ကမ္ဘာတလွှား တရားစီရင်ပိုင်ခွင့် ဥပဒေဟာ အဆိုးဝါးဆုံးသော ရာဇဝတ်မှုများအတွက် အရေးယူမှုမှ ကင်းလွတ်ခွင့်ကို တိုက်ဖျက်ရာမှာ ကမ္ဘာလုံးဆိုင်ရာ စံတစ်ခုဖြစ်ပြီး၊ မည်သည့်နေရာမှာ ရာဇဝတ်မှုများ ကျူးလွန်သည်ဖြစ်စေ သို့မဟုတ် ကျူးလွန်မှုမှ လွတ်မြောက်လာသူများသည် မည်သည့်နေရာတွင် ရှိနေသည် ဖြစ်စေ ရက်စက်ကြမ်းကြုတ်မှုများမှ လွတ်မြောက်လာသူ များအတွက် တရားမျှတမှုအား လက်လှမ်းမီမှုကို ပေးပါတယ်။"

ကမ္ဘာတလွှား တရားစီရင်ပိုင်ခွင့် သည် မည်သည့်နေရာတွင် ရာဇဝတ်မှုများ ကျူးလွန်သည်ဖြစ်စေ သို့မဟုတ် ကျူးလွန်သူများ သို့မဟုတ် ကျူးလွန်မှုမှ လွတ်မြောက် လာသူများသည် မည်သည့် လူမျိုးဖြစ်စေ လူမျိုးတုန်းသတ်ဖြတ်မှု၊ စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်မှု များကဲ့သို့သော အစုလိုက်အပြုံလိုက် ကျူးလွန်သည့် ရက်စက်ကြမ်းကြုတ်စွာ ကျူးလွန်သော ရာဇဝတ်မှုများ အတွက် တာဝန်ရှိသူများကို နိုင်ငံတစ်နိုင်ငံမှ တရားစွဲဆိုနိုင်စေသော ဥပဒေဆိုင်ရာ မူဘောင်တစ်ခုဖြစ်ပါသည်။ ကမ္ဘာတလွှား တရားစီရင် ပိုင်ခွင့်သည် ထုံးစံအားဖြင့် နိုင်ငံတကာ အသိုင်းအဝိုင်းတစ်ခုလုံး အပေါ်တွင် ကျူးလွန်သည့် ပြစ်မှုများဟု ကိုယ်စားပြုသည်အထိ ပြင်းထန်သော "နိုင်ငံတကာ ရာဇဝတ်မှုများ" အတွက် သီးသန့် သတ်မှတ်ထားပါသည်။

အမှုကို ဇန်နဝါရီလ ၂၀ ရက်နေ့၊ ၂၀၂၃ ခုနှစ်တွင် တိုင်ကြားခဲ့သည်။ Fortify Rights အတွက် ဂျာမနီနိုင်ငံတွင်ရုံးများရှိသည့် Covington & Burling LLP မှ တရားဝင် ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ပါသည်။

United States
P.O. Box 110
Belfast, Maine, 04915
USA
+1 207 518 7983

Thailand
P.O. Box 56
Santisuk Post Office
Bangkok, Thailand 10113
+66 87 795 5454

Switzerland
78 Route de Florissant
CH 1206
Geneva

FORTIFY RIGHTS
#rights4all
fortifyrights.org
fortify.rights@fortifyrights.org

ခန့်မှန်းခြေအားဖြင့် တိုင်ကြားသူ ၁၆ ဦး၏ တစ်ဝက်ခန့်သည် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်များတွင် ရခိုင်ပြည်နယ်၌ ရိုဟင်ဂျာများအား လူမျိုးတုန်းသတ်ဖြတ်မှုနှင့် မြန်မာစစ်တပ်မှ ဦးဆောင်သော "ရှင်းလင်းရေး စစ်ဆင်ရေးများ"မှ လွတ်မြောက်လာသူ များဖြစ်ပြီး၊ ကျန်တစ်ဝက်ခန့်မှာ ၂၀၂၁ ခုနှစ် နှင့် ၂၀၂၂ ခုနှစ်များအတွင်း နိုင်ငံတဝှမ်းရှိ ပြည်နယ်များနှင့် တိုင်းဒေသကြီးများတွင် အာဏာသိမ်းပြီးနောက် ရက်စက်ကြမ်းကြုတ်မှုများမှ လွတ်မြောက်လာသူ များဖြစ်ပါသည်။

တိုင်ကြားသူများတွင် ရခိုင်၊ ဗမာ၊ ချင်း၊ ကရင်၊ ကရင်နီ၊ မွန် နှင့် ရိုဟင်ဂျာ အပါအဝင် မြန်မာနိုင်ငံရှိ တိုင်းရင်းသား လူမျိုးစု အများအပြားကို ကိုယ်စားပြုသော အမျိုးသမီး ၆ ယောက် နှင့် အမျိုးသား ၁၀ ယောက် ပါဝင်ပါသည်။ ၎င်းတို့တွင် ကျောင်းသားများ၊ ပညာရှင်များ၊ လယ်သမားများ၊ လူ့အခွင့်အရေး ကာကွယ်သူများ၊ စီးပွားရေး လုပ်ငန်းရှင်များ၊ ရပ်/ကျေးဥက္ကဋ္ဌဟောင်းများနှင့် အိမ်ရှင်မများ ပါဝင်ပါသည်။ တိုင်ကြားသူ အားလုံးသည် မြန်မာနိုင်ငံတွင် ရာဇဝတ်မှုများ ကျူးလွန်ခံရခြင်းမှ လွတ်မြောက်လာသူ သို့မဟုတ် မျက်မြင် တွေ့ကြုံခဲ့သူများ ဖြစ်ပြီး၊ အများအပြားမှာ နိုင်ငံမှ ထွက်ပြေး ပြောင်းရွှေ့သွားပြီဖြစ်ပါသည်။ သတင်းထုတ်ပြန်စဉ် အချိန်တွင် တိုင်ကြားသူ များသည် မြန်မာနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဂျာမနီနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စု တို့အပါအဝင် နိုင်ငံအများအပြားတွင် ရောက်ရှိနေကြပါသည်။

တရားလို ၂ ဦး ဖြစ်သော "M.K." (၎င်း၏ နာမည်အရင်း အတိုအကောက်မဟုတ်) နှင့် Nickey Diamond တို့သည် လက်ရှိတွင် ဂျာမနီနိုင်ငံ၌ရှိနေပြီး၊ ယနေ့ကြေငြာသော တိုင်ကြားမှုနှင့် ဆက်စပ်သည့်ကိစ္စများ အတွက် ဂျာမန်ရှေ့နေကို ငှားရမ်းထားပါသည်။ ၎င်းတို့သည် ၂၀၁၇ ခုနှစ်နှင့် ၂၀၂၁ ခုနှစ်အသီးသီး တို့တွင် မြန်မာနိုင်ငံရှိ ရာဇဝတ်မှုများကို တွေ့ကြုံခဲ့ကြပါသည်။

"မြန်မာနိုင်ငံရှိစစ်တပ်နှင့် စစ်တပ် ခေါင်းဆောင်များ ကျူးလွန်ခဲ့တဲ့ လူမျိုးတုန်းသတ်ဖြတ်မှု၊ စစ်ရာဇဝတ်မှုများ နှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်မှုများအတွက် စုံစမ်းစစ်ဆေးမှု တစ်ခုဆောင်ရွက်ဖို့နှင့် တရားမျှတမှု ရယူဖို့အတွက် ဂျာမနီနိုင်ငံအပေါ် ကျွန်တော်တို့ ယုံကြည်ပါတယ်" ဟု Fortify Rights ၏ ဒါရိုက်တာ ဘုတ်အဖွဲ့ဝင် တစ်ဦးလည်းဖြစ်သော Nickey Diamond ကပြောပါသည်။ "ဒီအချိန်ဟာ အရေးယူမှု မှကင်းလွတ်ခွင့်ကို အဆုံးသတ်ပြီး၊ စစ်တပ်မှ ကျူးလွန်သူများနှင့် အခြားသူများကို သူတို့ရဲ့ ရာဇဝတ်မှုတွေ ကနေ မလွတ်မြောက်အောင် လုပ်ရမယ့် အချိန်ဖြစ်ပါတယ်။"

**United States**
P.O. Box 110
Belfast, Maine, 04915
USA
+1 207 518 7983

**Thailand**
P.O. Box 56
Santisuk Post Office
Bangkok, Thailand 10113
+66 87 795 5454

**Switzerland**
78 Route de Florissant
CH 1206
Geneva

FORTIFY RIGHTS
**#rights4all**
fortifyrights.org
fortify.rights@fortifyrights.org

“F.K.” (သူမ၏နာမည် အရင်းအတိုအကောက် မဟုတ်) သည် ၂၀၁၇ ခုနှစ်တွင် ရခိုင်ပြည်နယ်၌ လူမျိုးတုန်း သတ်ဖြတ်မှုမှ လွတ်မြောက်လာသည့် အသက် ၅၁ နှစ်ရှိ ရိုဟင်ဂျာ အမျိုးသမီး တစ်ဦးဖြစ်ပါသည်။ ဩဂုတ်လ ၂၀၁၇ ခုနှစ်တွင်၊ စစ်သားများနှင့် ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာ မဟုတ်သော သူများမှ ရခိုင်ပြည်နယ် မြောက်ပိုင်း ရှိ သူမ၏ရွာ သို့ဝင်ရောက်လာခဲ့ပြီး၊ အိမ်များကို မီးရှို့ခဲ့ကာ၊ ရွာသားများရွာမှ ထွက်မပြေး နိုင်အောင် တားဆီး ခဲ့ကြသည်။ စစ်တပ်၏ ထိန်းချုပ်မှု အောက်တွင်ရှိသူများမှ သူမအား ဘေးချင်းကပ် အခန်းတွင် ရိုက်နှက်နေချိန် တွင် F.K.၏ ချွေးမအား အဓမ္မ ပြုကျင့်ခဲ့ကြသည်။ သူမ၏ ရွာအား တိုက်ခိုက်မှုတွင် သူမ၏ မိသားစုအဖွဲ့အဝင် ၇ ယောက်ကို မြန်မာစစ်တပ်က သတ်ဖြတ်ခဲ့ပြီး၊ သီးခြားဖြစ်စဉ်တစ်ခုတွင်၊ သေရာပါ အမာရွတ်များကျန်သည့် အထိသူမအား ဓားဖြင့်ခုတ်ခဲ့သည်။ F.K. အနေဖြင့် သူမ၏ ရွာတွင် ရိုဟင်ဂျာ အရပ်သား အလောင်းများ အပုံလိုက်ကို တွေ့မြင်ခဲ့ပြီး၊ စစ်သားများမှ ရိုဟင်ဂျာ အမျိုးသားများနှင့် ကလေးများ အများအပြားကို ဓားဖြင့်ထိုး ခြင်း၊ ရိုက်နှက်ခြင်းနှင့် သတ်ဖြတ်ခြင်းများကို တွေ့မြင်ခဲ့သည်။ ကလေးတစ်ဦးက စစ်သားများမှ သူ့ကို မသတ်ခင်တွင် ရေတောင်းခဲ့သည်။

“မြန်မာအစိုးရနှင့် စစ်တပ်ဟာ ကျွန်မတို့ရဲ့ရိုဟင်ဂျာ အသိုင်းအဝိုင်းကို ပျောက်ကွယ် သွားအောင် ကြိုးစားနေတာ နှစ် ၅၀ ရှိနေပါပြီ။ ရိုဟင်ဂျာ တရားလို တစ်ဦးအနေနဲ့ ဒီတိုင်ကြားမှုကို တင်သွင်းဖို့ ကျွန်မအသင့်ဖြစ်နေပါပြီ” ဟု F.K. မှ Fortify Rights သို့ပြောပြခဲ့သည်။

ယနေ့တွင် ကြေပြာသော တိုင်ကြားမှုမှ မြန်မာစစ်တပ်သည် ဂျာမနီနိုင်ငံ၏ နိုင်ငံတကာဥပဒေကို ချိုးဖေါက်သည့် ရာဇဝတ်မှု များဆိုင်ရာ ဥပဒေကို ချိုးဖေါက်မှုဖြစ်သည့် လူမျိုးတုန်းသတ်ဖြတ်မှု၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်မှုများနှင့် စစ်ရာဇဝတ်မှုများ မြောက်စေသော သတ်ဖြတ်ခြင်း၊ အဓမ္မပြုကျင့်ခြင်း၊ နှိပ်စက်ခြင်း၊ ထောင်ချခြင်း၊ အစဖျောက်ခြင်း၊ နှိပ်ကွပ်ခြင်းနှင့် အခြား လုပ်ဆောင်မှုများကို စနစ်တကျ လုပ်ဆောင်ခဲ့သည် ဟုဆိုသည်။ တိုင်ကြားမှုတွင် အကြီးတန်း စစ်အစိုးရ အရာရှိများသည် ရာဇဝတ်မှုများ ကျူးလွန်ခဲ့သည့် လက်အောက်ငယ်သားများ အပေါ်တွင် အထက်ပိုင်းမှ တာဝန်ယူခဲ့ပြီး၊ ၎င်းတို့၏ လက်အောက်ငယ်သားများ၏ ရာဇဝတ်မှုများကိုသိရှိကာ၊ ရာဇဝတ်မှုများကို အပြစ်ပေးရန် သို့မဟုတ် ကာကွယ်ရန် အရေးယူဆောင်ရွက်မှု တစ်ခုခုကို လုပ်ဆောင်ရန် ပျက်ကွက်ခဲ့ပါသည်။

တိုင်ကြားမှုကို ဂျာမန် အာဏာပိုင်များထံတွင် အမှုဖွင့်ထားခြင်း ဖြစ်ပြီး အများပြည်သူသို့ မထုတ်ပြန်ပါ။

တိုင်ကြားမှုတွင် Fortify Rights နှင့် တိုင်ကြားသူများမှ ဂျာမန်အစိုးရရှေ့နေသို့ သက်သေခံ အထောက်အထားများအရ သီးခြား စစ်တပ်အရာရှိများနှင့် အခြားသူများအား အစုလိုက်အပြုံလိုက် ကျူးလွန်သည့် ရက်စက်ကြမ်းကြုတ်စွာ ကျူးလွန်သောရာ ဇဝတ်မှုများအတွက် တာဝန်ရှိကြောင်း စုံစမ်းစစ်ဆေးမှု တစ်ခုကို ဆောင်ရွက်ရန် မေတ္တာရပ်ခံ ထားသည်။ တိုင်ကြားမှုမှ ဂျာမန်အာဏာပိုင်များသို့ တိုင်ကြားမှုမှ လွှမ်းခြုံခြင်း မရှိသော အခြားတိုင်းရင်းသား အုပ်စုများ ကိုသက်ရောက်စေသည့် နေရာ အမျိုးမျိုးတွင် ကျူးလွန်ခဲ့သော အခြား ရာဇဝတ်မှု အများအပြားကို ဖော်ထုတ်မည့် မြန်မာနိုင်ငံရှိ အခြေအနေအပေါ် "ဖွဲ့စည်းပုံဆိုင်ရာစုံစမ်းစစ်ဆေး မှု" တစ်ခုကို လုပ်ဆောင်ရန်လည်း မေတ္တာရပ်ခံထားသည်။

အသက် ၃၅ နှစ်ရှိ ချင်းအမျိုးသမီး တစ်ဦးဖြစ်သော Thi Da သည် ကလေး ၃ ယောက်၏ မိခင်ဖြစ်ကာ တိုင်ကြားချက်တွင် တိုင်ကြားသူ တစ်ဦးဖြစ်ပါသည်။ စက်တင်ဘာလ ၂၀၂၂ ခုနှစ်တွင် မြန်မာစစ်တပ်သည် အသက် ၃၅ နှစ်ရှိ သူမ၏ ခင်ပွန်း Ngai Kung အား တရားဥပဒေမဲ့ ဖမ်းဆီးနှိပ်စက်ခဲ့သည်။ သူမ၏ ခင်ပွန်း ဖမ်းဆီးခံရပြီးနောက်၊ Thi Da မှ သူမ၏ ခင်ပွန်း မည်သည့်နေရာတွင် ရောက်ရှိနေသည် နှင့် သူမခင်ပွန်း၏ အခြေအနေနှင့် ပတ်သက်သော တရားဝင် သတင်းအချက်အလက်များ မရရှိခဲ့ပဲ၊ အတင်းအကျပ် အစဖျောက်မှုကို တွေ့ကြုံခဲ့ရပါသည်။ မြန်မာစစ်အစိုးရ စစ်သားများမှ သင်းအုပ်ဆရာများအား သူမ၏ခင်ပွန်း သတ်ဖြတ် ခံရကြောင်း ပြောကြားသည်ဟု ပြောဆိုခဲ့ပါသည်။ သတင်း ရေးနေချိန်အထိ Thi Da သည် သူမ၏ ခင်ပွန်း မည်သို့ ဖြစ်ပျက်သည်ကို မသိရှိရသေးပါ။

"ကျွန်မ [မြန်မာစစ်အစိုးရ] စစ်သားတွေကို ဒေါသထွက်နေတုန်းပဲ" ဟု Thi Da မှ Fortify Rights သို့ပြောပြခဲ့ ပါသည်။ "သူတို့က ကျွန်မတို့ကို လူတွေလို မထင်ပဲ ကျွန်မတို့ကို တိရစ္ဆာန်တွေလို အရာဝတ္ထုတွေလို ဆက်ဆံကြတယ်။"

အစိုးရ ရှေ့နေချုပ်ဆီသို့ တိုင်ကြားသူများ၏ ထွက်ဆိုချက် များအပြင်၊ တိုင်ကြားမှုတွင် စစ်တပ်၏ စစ်ဆင်ရေးများ၊ ရာဇဝတ်မှုများ၊ ကွပ်ကဲမှု ဖွဲ့စည်းပုံများနှင့် ပတ်သက်သည့် သတင်း အချက်အလက်များကို ပေးသည့် မြန်မာစစ်တပ်နှင့် ရဲတပ်ဖွဲ့မှ စွန့်ခွာထွက်ပြေး ခဲ့သူများနှင့် အခြားသူများမှ ပေးအပ်သော ပေါက်ကြားလာသည့် စာရွက်စာတမ်းများနှင့် သတင်း အချက်အလက်များ အပါအဝင်၊ ၂၀၁၃ ခုနှစ် ကစ၍ Fortify Rights မှ လုပ်ဆောင်ခဲ့သော မြန်မာနိုင်ငံရှိ နိုင်ငံတကာ ရာဇဝတ်မှုများ ကျူးလွန်ခံရခြင်းမှ လွတ်မြောက် လာသူများနှင့် တွေ့ဆုံမေးမြန်းမှု ၁၀၀၀ ကျော်တို့ပါဝင်သည်။

FORTIFY RIGHTS

တိုင်ကြားချက်တွင် စာမျက်နှာ ၁၀၀၀ ကျော်ပါဝင်သော နောက်ဆက်တွဲ စာရွက်စာတမ်းများ ပူးတွဲပါဝင်ပြီး၊ Fortify Rights, မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် Tom Andrews, မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ၏ လွတ်လပ်သော အပြည်ပြည်ဆိုင်ရာ အချက်အလက်ရှာဖွေရေးမစ်ရှင်နှင့် အခြား အဖွဲ့အစည်းများမှ ဖေါ်ထုတ်ထားသည့် အစီရင်ခံစာ များအပါအဝင် ဂျာမန် အာဏာပိုင်များ အတွက် အသုံးဝင်နိုင်သော မြန်မာနိုင်ငံရှိ ရက်စက်ကြမ်းကြုတ်စွာ ကျူးလွန်သော ရာဇဝတ်မှုများ၏ အပိုဆောင်း စာရွက်စာတမ်းများ ပါဝင်သည်။

ဤရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးမှု တစ်ခုနှင့် နောက်ဆက်တွဲ တရားစွဲဆိုမှုတို့သည် ဂျာမန်ဥပဒေအောက်တွင် အဆိုးဝါးဆုံးသော ရာဇဝတ်မှုများကို ကျူးလွန်ခဲ့သူများကို အပြစ်ပေး နိုင်မည်ဖြစ်ပြီး၊ မြန်မာနိုင်ငံရှိ ပြစ်မှုကျူးလွန်သူများမှ အနာဂတ်တွင် ရာဇဝတ်မှုများ ကျူးလွန်ခြင်းကို ကာကွယ် ပေးနိုင်မည်ဖြစ်ကာ၊ မြန်မာနိုင်ငံနှင့် အခြားနိုင်ငံများရှိ ကျူးလွန်လိုသူများကို ရက်စက်ကြမ်းကြုတ်စွာ ကျူးလွန်သော ရာဇဝတ်မှုများ အတွက် တာဝန်ခံမှုကို ရှောင်လွှဲ၍ မရကြောင်း အချက်ပြရာ ရောက်သည်ဟု Fortify Rights ကဆိုသည်။

ဤတိုင်ကြားမှု၏ တစ်စိတ်တစ်ပိုင်း အနေဖြင့် the Chin Human Rights Organization၊ the Karen Human Rights Group, the Karenni Human Rights Group, the Human Rights Foundation of Monland, the Burmese Rohingya Organization U.K နှင့် နိုင်ငံတဝှမ်းတွင် လုပ်ဆောင်နေသော ရှေ့နေများ ကွန်ရက်တစ်ခု အပါအဝင် မြန်မာအရပ်ဖက် အဖွဲ့အစည်း အများအပြားမှ ဂျာမန် အာဏာပိုင်များနှင့် ပူးပေါင်း ဆောင်ရွက်မည်ဟု သဘောတူညီကြပါသည်။

အလားတူပင် ဤတိုင်ကြားမှု၏ တစ်စိတ်တစ်ပိုင်း အနေဖြင့်၊ မြန်မာနိုင်ငံမှ ထင်ရှားသော လူ့အခွင့်အရေး ကာကွယ်သူများ၊ အကြီးတန်း ကုလအရာရှိများနှင့် အခြားသူများမှလည်း ဂျာမန် အစိုးရရှေ့နေရုံး အတွက် resource person များအဖြစ် ဆောင်ရွက်ရန် သဘောတူညီကြသည်။ ၎င်းတို့တွင် ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် Tom Andrews, ကုလသမဂ္ဂ အထူးကိုယ်စားလှယ် ဟောင်းများဖြစ်သော Tomas Quintana နှင့် Yanghee Lee, ဒတ်ချ် သံအမတ်ဟောင်း Laetitia van den Assum, ထိုင်း သံအမတ်ဟောင်း Kobsak Chutikul, ကုလသမဂ္ဂ၏ လွတ်လပ်သော အပြည်ပြည်ဆိုင်ရာ အချက်အလက် ရှာဖွေရေးမစ်ရှင် အဖွဲ့ဝင်များ ဖြစ်သော Marzuki Darusman နှင့် Chris Sidoti, Robert F. Kennedy Human Rights ဥက္ကဋ္ဌ Kerry Kennedy နှင့်အခြားသူများ ပါဝင်ပါသည်။

**United States**
P.O. Box 110
Belfast, Maine, 04915
USA
+1 207 518 7983

**Thailand**
P.O. Box 56
Santisuk Post Office
Bangkok, Thailand 10113
+66 87 795 5454

**Switzerland**
78 Route de Florissant
CH 1206
Geneva

FORTIFY RIGHTS
**#rights4all**
fortifyrights.org
fortify.rights@fortifyrights.org

ရက်စက်ကြမ်းကြုတ်စွာ ကျူးလွန်သော ရာဇဝတ်မှုများအပေါ် ဂျာမနီနိုင်ငံတွင် စုံစမ်းစစ်ဆေးမှု တစ်ခုနှင့် နောက်ဆက်တွဲ တရားစွဲဆိုမှု တို့သည် အခြားသော နိုင်ငံတကာ တာဝန်ခံမှုဆိုင်ရာ ကြိုးပမ်းမှုများနှင့် ထပ်တူကြမည် မဟုတ်ပဲ မြန်မာစစ်တပ်၏ ရာဇဝတ်မှုများနှင့် ပတ်သက်သော သက်သေခံ အထောက်အထား များကို ထပ်ဆောင်း ပေးမည်သာ ဖြစ်သည်ဟု Fortify Rights ကဆိုပါသည်။ အခြားသော ကြိုးပမ်းမှုများတွင် [နိုင်ငံတကာ ရာဇဝတ်တရားရုံး (ICC) မှ စုံစမ်းစစ်ဆေး မှုတစ်ခု]၊ [အပြည်ပြည်ဆိုင်ရာ တရားရုံး (ICJ) တွင် လူမျိုးတုန်း သတ်ဖြတ်မှု တစ်ခု]နှင့် ရိုဟင်ဂျာများအား လူမျိုးတုန်း သတ်ဖြတ်မှုနှင့် ဆက်စပ်သော ရာဇဝတ်မှု များအတွက် [အာဂျင်တီးနား နိုင်ငံတွင် ကမ္ဘာတလွှား တရားစီရင်ပိုင်ခွင့်ဖြင့် တရားစွဲဆိုထားမှု တစ်ခု]တို့ပါဝင် သည်။

အထူးသဖြင့် ၂၀၁၉ ခုနှစ်တွင်၊ ICC မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သို့မဟုတ် ICC တရားစီရင်ပိုင်ခွင့် အောက်တွင် ရှိသော အခြားနိုင်ငံတစ်ခု၏ နယ်နိမိတ်ပေါ်တွင် အနည်းဆုံး တစ်စိတ်တစ်ပိုင်း အနေဖြင့် ရိုဟင်ဂျာများ အပေါ် တွင် မြန်မာ အာဏာပိုင်များမှ ကျူးလွန်သည့် ရာဇဝတ်မှု များအတွက် စုံစမ်းစစ်ဆေးမှု တစ်ခု ပြုလုပ်ရန် ခွင့်ပြု ခဲ့သည်။ လက်ရှိတွင် ICC အနေဖြင့် မြန်မာနိုင်ငံတွင်သာ ကျူးလွန်သော နိုင်ငံတကာ ရာဇဝတ်မှု တစ်ခုခုကို စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်း မပြုလုပ်နိုင်ရာ တိုင်ကြားမှုတွင် စွဲဆိုထားသည့် ရိုဟင်ဂျာများအပေါ် ကျူးလွန်သည့် ရာဇဝတ်မှု အများစုအတွက် ၎င်း၏ စုံစမ်းစစ်ဆေးမှုက ခြုံငုံမိခြင်းမရှိပါ။ ICC အနေဖြင့် ဖေဖော်ဝါရီလ ၂၀၂၁ ခုနှစ် အာဏာသိမ်းမှု အပြီးတွင် ဖြစ်ပွားခဲ့သည့် စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ် အပေါ် ကျူးလွန်သော ရာဇဝတ်မှုများ အပေါ်တွင်လည်း စုံစမ်းစစ်ဆေးနေခြင်းမရှိပါ။

ဂျာမန်အာဏာပိုင်များက လက်ရှိဆောင်ရွက်ဆဲ တာဝန်ခံမှုဆိုင်ရာ ယန္တယားများမှ ကျန်နေခဲ့သော ကွာဟမှုများကို ဖြည့်ဆည်းနိုင်ရန် အတွက် ကောင်းမွန်စွာ ဆောင်ရွက်နိုင်သော အနေအထားရှိသည်ဟု Fortify Rights က ဆိုသည်။

၂၀၁၉ ခုနှစ်တွင်၊ ဂမ်ဘီယာနိုင်ငံက သဟိဘ်မြို့ ICJ တရားရုံးတွင် မြန်မာနိုင်ငံအား ရိုဟင်ဂျာ လူမျိုးများ အပေါ် လူမျိုးတုန်း သတ်ဖြတ်မှုအတွက် မြန်မာနိုင်ငံက တာဝန်ရှိသည်ဟု တရားစွဲဆိုခဲ့သည်။ ၎င်းသည် အလွန် အရေးပါသော အမှုတစ်ခု ဖြစ်သော်လည်း၊ ICJ ၏ တရားစွဲဆိုမှုသည် လူမျိုးတုန်း သတ်ဖြတ်မှု ဆိုင်ရာသဘော တူစာချုပ် အပေါ် မြန်မာနိုင်ငံက လိုက်နာရမည့် တာဝန်ဝတ္တရား ပျက်ကွက်မှုအတွက် နိုင်ငံတော်၏ တာဝန်ရှိမှု နှင့် သာသက်ဆိုင်သည်။ ICC အနေဖြင့် လူတစ်ဦးတစ်ယောက်ချင်းအား ပြစ်မှုဆိုင်ရာ

United States
P.O. Box 110
Belfast, Maine, 04915
USA
+1 207 518 7983

Thailand
P.O. Box 56
Santisuk Post Office
Bangkok, Thailand 10113
+66 87 795 5454

Switzerland
78 Route de Florissant
CH 1206
Geneva

FORTIFY RIGHTS
#rights4all
fortifyrights.org
fortify.rights@fortifyrights.org

ဥပဒေအရ တရားစွဲဆိုခြင်း မပြုရာ၊ ထိုတရားစွဲဆိုမှုမှ ပေါ်ထွက်လာသည့် ရာဇဝတ်မှု များအတွက် ထိုတရားရုံးမှ တဆင့်ရိုက်ခတ်မှု များကို မည်သည့် တစ်ဦးတစ်ယောက်ကမှ တွေ့ကြုံရမည် မဟုတ်ပါ။

၂၀၁၉ ခုနှစ်တွင်ပင် Burmese Rohingya Organization U.K. (BROUK) ၏ လူ့အခွင့်အရေး ကာကွယ်သူ မောင်ထွန်းခင်နှင့် လွတ်မြောက်လာသူ ရိုဟင်ဂျာ အမျိုးသမီး ၆ ဦးမှ အာဂျင်တီးနား တရားရုံးတွင် ကမ္ဘာတလွှား တရားစီရင် ပိုင်ခွင့်ဖြင့် မြန်မာနိုင်ငံတွင် ရိုဟင်ဂျာများ အပေါ် ကျူးလွန်ခဲ့သော ရာဇဝတ်မှုများ အတွက် စုံစမ်းစစ်ဆေးပေးရန် တရားဝင် လျှောက်လွှာ တင်သွင်းခဲ့သည်။ ထိုတရားရေးဆိုင်ရာ စုံစမ်းစစ်ဆေးမှုမှာ ဆောင်ရွက် ဆဲဖြစ်သည် သို့သော် အလွန်အရေးပါသည် ဖြစ်သော်လည်း အာဂျင်တီးနား တရားရုံးရှိအမှုမှာ သီးခြားဒေသ တစ်ခုတွင်သာ အလေးထားပြီး၊ ၂၀၁၆ ခုနှစ် ၂၀၁၇ ခုနှစ်များတွင် ရိုဟင်ဂျာများ အပေါ် တိုက်ခိုက်မှုများနှင့် ပတ်သက်သော စစ်ရာဇဝတ်မှုများ သို့မဟုတ် အာဏာသိမ်းမှုနှင့် ဆက်စပ်သော လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်မှုများကို ကိုင်တွယ် ဖြေရှင်းခြင်းမရှိပါ။ ထို့အပြင် ဂျာမန်ဥပဒေနှင့် မတူပဲ၊ အာဂျင်တီးနား ဥပဒေသည် လူမျိုးတုန်း သတ်ဖြတ်မှု အတွက် အပြစ်ပေးခြင်း တစ်ခုမပါဝင်ရာ၊ ကျူးလွန်မှုအတွက် အကျုံးဝင် သော ပြစ်ဒဏ်မပါရှိပါ။ ထိုအစား အာဂျင်တီးနား တရားရုံးတွင် ပြစ်မှုကျူးလွန်သူသည် လူမျိုးတုန်းသတ်ဖြတ် မှုဖြင့်  ပြစ်ဒဏ် ချမှတ်ခံရနိုင်သည်၊ သို့သော် လူသတ်မှု၊ အဓမ္မပြုကျင့်မှုနှင့် တရားဥပဒေနှင့် မညီသော ဖမ်းဆီး ထိန်းသိမ်းမှု တို့ကဲ့သို့သော "သာမန်" ရာဇဝတ်မှုများ ကျူးလွန်သကဲ့သို့သာ အပြစ်ပေး ခံရမည် ဖြစ်ပါသည်။ မောင်ထွန်းခင်နှင့် BROUK တို့မှ ဂျာမန်အာဏာပိုင်များနှင့် ပူးပေါင်း ဆောင်ရွက်ရန် သဘောတူထားသည်။

လက်ရှိ ဆိုင်းငံ့ထားသည့် တာဝန်ခံမှု ယန္တရားများမှ ကျန်ရှိနေသည့် လက်ရှိ ကွက်လပ်များကို ဖြည့်ဆည်းရန် ဂျာမန်အာဏာပိုင်များသည် ကောင်းစွာ နေရာယူထားနိုင်ကြောင်း Fortify Rights မှ ပြောကြားခဲ့သည်။

၂၀၁၉ ခုနှစ်တွင် ကမ္ဘာတလွှား တရားစီရင် ပိုင်ခွင့်ဖြင့် မြန်မာနိုင်ငံမှ လွတ်မြောက် လာသူများအတွက် ပြစ်မှုဆိုင်ရာ တရားစွဲဆိုမှုများ လုပ်ဆောင်နိုင်ရန် အပြည်ပြည်ဆိုင်ရာ ဥပဒေနည်းလမ်းများကို Fortify Rights မှ စတင်ရှာဖွေခဲ့သည်။ ၎င်းတို့ နိုင်ငံနယ်နိမိတ် ပြင်ပတွင် ကျူးလွန်သည့် ရက်စက် ကြမ်းကြုတ်စွာ ကျူးလွန်သော ရာဇဝတ်မှုများ အတွက် တရားမျှတမှုအား လက်လှမ်းမီမှုကို ပေးနိုင်သည့် ဥရောပ၊ အာဖရိကနှင့် တောင် အမေရိကားရှိ တရားစီရင်ပိုင်ခွင့် ၁၆ ခု၏ ဖြစ်နိုင်ခြေများကို သုတေသနပြုလုပ်ပြီး၊ သရုပ်ခွဲလေ့လာခဲ့ပြီး၊ နောက်ဆုံးတွင် ဂျာမနီနိုင်ငံတွင် တိုင်ကြားမှုကို ဖွင့်ရန် ဆုံးဖြတ်ခဲ့သည်။

United States
P.O. Box 110
Belfast, Maine, 04915
USA
+1 207 518 7983

Thailand
P.O. Box 56
Santisuk Post Office
Bangkok, Thailand 10113
+66 87 795 5454

Switzerland
78 Route de Florissant
CH 1206
Geneva

FORTIFY RIGHTS
#rights4all
fortifyrights.org
fortify.rights@fortifyrights.org

ဂျာမန် ဥပဒေအောက်တွင် အစိုးရရှေ့နေသည် ကမ္ဘာတလွှား တရားစီရင်ပိုင်ခွင့်ဖြင့် အမှုတစ်ခုကို ဖွင့်ရန် နောက်ဆုံး ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။ အထူးသဖြင့် ရက်စက် ကြမ်းကြုတ်မှုများ၏ မျက်မြင် သက်သေများသည် ဂျာမနီနိုင်ငံတွင် တည်ရှိနေချိန်တွင် အစိုးရရှေ့နေမှ လုပ်ဆောင်သင့်ပြီး၊ ယနေ့ကြေငြာသော တိုင်ကြားမှုသည် ထိုအတိုင်းပင် ဖြစ်ပါသည်။

ဂျာမန်အစိုးရရှေ့နေများသည် လက်ရှိတွင် အခြားနိုင်ငံများနှင့် နောက်ခံ အခြေအနေများနှင့် ဆက်စပ်သော နိုင်ငံတကာ ရာဇဝတ်မှုများ အပေါ် စုံစမ်းစစ်ဆေးမှု ၁၀၀ ကျော်ဆောင်ရွက်နေသည်။ အစိုးရရှေ့နေချုပ်မှလည်း ရက်စက် ကြမ်းကြုတ်စွာ ကျူးလွန်သော ရာဇဝတ်မှု များအပေါ် ဖွဲ့စည်းပုံဆိုင်ရာ စုံစမ်းစစ်ဆေးမှု အများအပြားကို ဆောင်ရွက်နေပြီး၊ ၎င်းတို့မှ တရားစီရင်မှု အများအပြားကို ဦးတည်စေသည်။ Yazidi လူမျိုးများ အပေါ်တွင် Da’esh အဖွဲ့ဝင်များမှ ကျူးလွန်သော ရာဇဝတ်မှုများ အပါအဝင် ဆီးရီးယား အကျဉ်းထောင်များ အတွင်း ညှင်းပမ်း နှိပ်စက်မှုများနှင့် ပတ်သက်သော အမှုများကို ဂျာမန် တရားရုံးများက ကြားနာခဲ့သည်။

မတ်လ ၂၀၂၂ ခုနှစ်တွင် ဂျာမန်အစိုးရရှေ့နေမှ ယူကရိန်းနိုင်ငံတွင် ရုရှားစစ်ရာဇဝတ်မှုများ အပေါ်ဖွဲ့စည်းပုံဆိုင်ရာ စုံစမ်းစစ်ဆေးမှု တစ်ခုကို ဆောင်ရွက်ခဲ့သည်။

အောက်တိုဘာလ ၂၂ ရက်နေ့ ၂၀၂၂ ခုနှစ်တွင် ကုလသမဂ္ဂသို့ ထုတ်ပြန်ကြေငြာချက်တစ်ခုတွင် ကုလသမဂ္ဂဆိုင်ရာ ဂျာမနီ အမြဲတမ်းမစ်ရှင်မှ -

> အကျုံးဝင်သော စုံလင်မှုဆိုင်ရာ စံနှုန်းများနှင့် ကိုက်ညီခဲ့လျှင် နိုင်ငံတကာ ဥပဒေအောက်တွင် အပြင်းထန်ဆုံးသော ရာဇဝတ်မှုများကို အထူးသဖြင့် ICC ကဲ့သို့သော နိုင်ငံတကာ ခုံရုံးများဖြင့် ရုံးတင်စစ်ဆေးခြင်းကို ပိုမို လိုလားသော်လည်း၊ နိုင်ငံတကာဥပဒေကို ချိုးဖေါက်သည့် ရာဇဝတ်မှုများဆိုင်ရာ ဥပဒေက နိုင်ငံတော်အဆင့်မှာ ဒီရာဇဝတ်မှုတွေကို အရေးယူနိုင်ဖို့အတွက် ကျွန်တော်တို့ကို ခွင့်ပြု ပေးထားပါသည်... အမှာစကားက ရှင်းပါသည်... ရက်စက် ကြမ်းကြုတ်မှုများကို ကျူးလွန်သူများ သည် ဘေးကင်းလုံခြုံမှုကို မခံစားစေရပါ။ ၎င်းတို့သည် နောက်ဆုံးတွင် အရေးယူခံ ရပါမည်။ နိုင်ငံတကာ ရာဇဝတ်မှုများကို ကျူးလွန်သူများ အတွက် ဂျာမနီနိုင်ငံရှိ ပြစ်မှုဆိုင်ရာ တရားစွဲဆိုခြင်းမှ လွတ်သော ခိုလှုံရာဟူ၍ မရှိပါ။ ကျူးလွန်ခံရသူများနှင့် လွတ်မြောက်လာသူ များအတွက် တရားဥပဒေက အရေးယူပါလိမ့်မည်။

နိုင်ငံတကာ ရာဇဝတ်မှုများအပေါ် ဂျာမန်အာဏာပိုင်များမှ စုံစမ်းစစ်ဆေးမှုများကို ဂျာမနီနိုင်ငံပြင်ပရှိ နေရာများတွင် တရားစွဲဆိုခြင်းနှင့် တရားစီရင်ပိုင်ခွင့်များတွင် အသုံးပြုနိုင်သော အလားအလာရှိနိုင်သည်။

"ဂျာမနီနိုင်ငံဟာ မြန်မာနိုင်ငံတွင် အရေးယူခြင်းမှ ကင်းလွတ်နေမှုကို တိုက်ဖျက်မှုတွင် အထောက်အပံ့ ဖြစ်ရန်အတွက် ထူးခြားသော အနေအထားတစ်ခုမှာ ရှိနေပါတယ်" ဟု Matthew Smith မှ ပြောသည်။ "Fortify Rights နှင့် တိုင်းကြားသူ ၁၆ ဦးတွေဟာ ဂျာမန်အစိုးရ ရှေ့နေများကို ပံ့ပိုးကူညီရန် အတွက် အသင့်ရှိနေပါပြီ။ ဂျာမနီနိုင်ငံ မှာဖြစ်စေ သို့မဟုတ် တခြားနေရာမှာ ဖြစ်စေ ဒီစက်ဆုပ်ရွံရှာဖွယ် ကောင်းတဲ့ ရာဇဝတ်မှုများအတွက် တာဝန်ရှိသူများကို တာဝန်ခံစေဖို့နှင့် အရေးယူနိုင်ဖို့ သေချာစေရေး အတွက် စုံစမ်းစစ်ဆေးမှုတစ်ခုက အထောက်အကူ ပြုပါလိမ့်မယ်။"

## ဂျာမန်အာဏာပိုင်များ ထံသို့ တရားလိုများ၏ ထွက်ဆိုချက်များမှ ကောက်နုတ်ချက်များ

> [စစ်တပ်]က ကျွန်တော်တို့ ပုန်းနေတဲ့နေရာကို တွေ့သွားပြီး ကျွန်တော်တို့ကို စပစ်တယ်။ ကျွန်တော့် အမေက ကျွန်တော့်အသက်ကိုလုပြီးပြေးခိုင်းတယ်၊ ဒါ့ကြောင့် ကျွန်တော်မြစ်ထဲကို ခုန်ချခဲ့တယ်… မိုးစက်တွေလိုပဲ ကျည်ဆန်တွေ လာနေတာကို ကျွန်တော် မြင်နေရတယ်… ကျွန်တော့် မိသားစုကို ဆုံးရှုံးလိုက်ရပြီ ဆိုတာ သိလိုက်ချိန်မှာ၊ ကျွန်တော့်အထဲမှာ ပြိုကွဲသွားသလို ခံစားရတယ်။ ကျွန်တော့် ရွာမှာပဲ ကျွန်တော့်ရွာ မီးလောင်သွားတာ မြင်လိုက်ရတယ်။ အိမ်တစ်လုံးမှ မကျန်ခဲ့ဘူး။ ကျွန်တော် အားလုံးကို ဆုံးရှုံးခဲ့ရတယ်။
>
> - ရိုဟင်ဂျာတိုင်ကြားသူ "J.H." ၏ ထွက်ဆိုချက် (နာမည်အတိုအကောက်အရင်းမဟုတ်)

> [စစ်တပ်]က ရွာကို ဝိုင်းလိုက်တယ်…ပြီးတော့လူတွေကို ကြိုးနဲ့တုပ်တယ်။ တချိန်မှာ ကျွန်မမှတ်မိတာက စစ်တပ်က [ကျွန်မတို့ပုန်းနေတဲ့] အိမ်အောက်ထပ်ကို ဝင်လာပြီး မီးဖိုချောင်ထဲမှာ ၇ နှစ် သို့မဟုတ် ၈ နှစ် ရှိတဲ့ ကောင်လေးကို ပစ်လိုက်တယ်။ သူဦးနှောက်တွေက ကြမ်းပြင်မှာ ပြန့်ကြဲနေတယ်… စစ်သားတွေက ကျွန်မကိုဆွဲဖို့ ကြိုးစားကြတယ်… ကျွန်မလဲကျသွားပြီး သတိမေ့သွားတယ်။ ကျွန်မသတိရလာတော့ ကျွန်မကလေးကို ဘယ်ကိုခေါ်သွားမှန်းမသိဘူး… ကျွန်မ ကလေးအတွက် အော်နေမိတယ်"
>
> — ရိုဟင်ဂျာ တိုင်ကြားသူ "S.B." ၏ထွက်ဆိုချက် (နာမည်အတိုအကောက်အရင်းမဟုတ်)

United States
P.O. Box 110
Belfast, Maine, 04915
USA
+1 207 518 7983

Thailand
P.O. Box 56
Santisuk Post Office
Bangkok, Thailand 10113
+66 87 795 5454

Switzerland
78 Route de Florissant
CH 1206
Geneva

FORTIFY RIGHTS
#rights4all
fortifyrights.org
fortify.rights@fortifyrights.org

အာဏာသိမ်း ပြီးတဲ့အခါမှာ... ကျွန်တော် အဖမ်းခံရရင် ကျွန်တော်က အနှိပ်စက်ခံရပြီ သို့မဟုတ် အသတ်ခံရနိုင်ခြေ များတယ်လို့ [ပြည်ထဲရေးဝန်ကြီးဌာနက ကျွန်တော့် အဆက်အသွယ်တွေက] ကျွန်တော့်ကို ပြောတယ်။ မတ်လ ၁၀ ရက်နေ့ ၂၀၂၁ ခုနှစ်လောက်မှာ ကျွန်တော်နှင့် ကျွန်တော့် မိသားစု ထွက်ပြေး လွတ်မြောက်ခဲ့တယ်... တပ်မတော်က အခြား ဒီလိုအရပ်သား နေရာတွေကို တောက် လျှောက် ပစ်မှတ်ထားနေတော့၊ ကျွန်တော်တို့ရဲ့ အရပ်သားစခန်းကို လေကြောင်း တိုက်ခိုက်မှုက ရှောင်ရှားဖို့ ဖုံးခိုကျင်းတွေ မကြာခဏ ကိုယ်တိုင်တူးခဲ့ရတယ်။

— မြန်မာအာဏာသိမ်းမှု တိုင်ကြားသူ Nickey Diamond ၏ ထွက်ဆိုချက်

စစ်တပ်က အာဏာသိမ်းအပြီး နောက်ရက်တွေမှာ ရဲက ဆန္ဒပြသူတွေကို ကူညီတဲ့သူတွေကို ဖမ်းဆီးခဲ့တယ်။ ကျွန်တော့် သူငယ်ချင်းက ဆန္ဒပြသူတွေကို ရေပေးမှုအတွက် အဖမ်းခံရတယ်။ ကျွန်တော်က သူတို့ [ဆန္ဒပြသူတွေ] ကို ပုန်းစရာ နေရာပေးခဲ့တော့ ကျွန်တော်လည်း အဖမ်းခံရမယ် ဆိုတာ သိနေတယ်။ မူဆလင်တွေ အဖမ်းခံရရင်၊ သူတို့တွေက မကြာခဏ အသတ်ခံရ သို့မဟုတ် ပျောက်သွားကြတယ်။ ကျွန်တော်ရဲ့ လူ့အခွင့်အရေး ဆိုင်ရာအလုပ်၊ ရိုဟင်ဂျာ မူဆလင် ဖြစ်နေတဲ့ ကျွန်တော့်ရဲ့ ကိုယ်ပိုင် လက္ခဏာနှင့် နိုင်ငံရေး အမြင်တွေကြောင့်၊ ကျွန်တော်ဟာ စစ်တပ်အတွက် ကြီးမားသော ပစ်မှတ်တစ်ခု ဖြစ်နေတယ်။ ကျွန်တော်သာ အဖမ်းခံရရင် အသတ်ခံရမယ်လို့ ကျွန်တော်ယုံတယ်... အာဏာသိမ်းပြီးတည်းက ကျွန်တော့် အသက်အတွက် ကြောက်လန့်နေခဲ့ရ တယ်။

— မြန်မာအာဏာသိမ်းမှု တိုင်ကြားသူ Abdul Rasheed ၏ ထွက်ဆိုချက်

**သတင်း အချက်အလက်များ ပိုမိုသိလိုပါက အောက်ပါ ပုဂ္ဂိုလ်များကို ကျေးဇူးပြုပြီး ဆက်သွယ်ပါ -**

**Pavani Nagaraja Bhat**, Investigations Associate, Fortify Rights
Languages: English, Hindi
+91 80 7323 7136 (Signal)
Email: Pavani.Nagarajabhat@FortifyRights.org
Twitter: @Curly_Friess, @FortifyRights

**Zaw Win**, Human Rights Specialist, Fortify Rights
Languages: English, Rohingya, Burmese
+66 95 979 9155 (WhatsApp; Signal)
Email: Zaw.Win@FortifyRights.org
Twitter: @ZawWin484, @FortifyRights

**John Quinley III**, Director, Fortify Rights
Languages: English
+66 62 814 1130 (WhatsApp)
Email: John.Quinley@FortifyRights.org
Twitter: @john_hq3, @FortifyRights

**Matthew Smith**, Chief Executive Officer, Fortify Rights
Languages: English
+66 85 028 0044 (Signal; WhatsApp)
+1 202 503 8032 (U.S.)
Email: Matthew.Smith@FortifyRights.org
Twitter: @MatthewFSmith, @FortifyRights

**Sippachai Kunnuwong**, Communications Associate, Fortify Rights
Languages: English, Thai
+66 65 763 6263 (Whatsapp)
Email: Sippachai.Kunnuwong@FortifyRights.org
Twitter: @10pachai, @FortifyRights